မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

July 6, 2026 Volume 103 , Number 4

၆.၇.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၉၈.၇၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၃.၅၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၀.၈၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၅.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၄.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၀၃ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အတက်အကျများနှင့် မြန်မာ့လယ်ယာပို့ကုန်ဈေးကွက်
## (တစ်ပတ်စာ ဈေးကွက်သုံးသပ်ချက်)




အိန္ဒိယနိုင်ငံတွင် မုတ်သုံမိုးရွာသွန်းမှု အခြေအနေက မြန်မာ့ပို့ကုန်ပဲအချို့၏ ဈေးကွက်နှင့် ဈေးနှုန်းအပြောင်းအလဲအပေါ် သက်ရောက်မှုရှိနေသည်။ လက်ရှိအချိန်အထိ မုတ်သုံမိုးရရှိမှု ပုံမှန်မရှိသဖြင့် အိန္ဒိယတွင် မိုးရာသီ မတ်ပဲ၊ ပဲတီစိမ်း အပါအဝင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်နိုင်မှု လျော့နည်းနေသည်။ ထိုအခြေအနေ သိသာစွာ မပြောင်းလဲနိုင်လျှင် အထွက်နှုန်းအပေါ် သက်ရောက်မှုရှိလာပြီး သီးနှံဈေးနှုန်းများ အပြောင်းအလဲရှိလာမည်ဟူသော မှန်းဆချက်များ ရှိနေသည်။

**ပြည်တွင်းဈေးတက်နေသည့် မတ်ပဲ**

အိန္ဒိယ၏ မဟာဗျူဟာသီးနှံဖြစ်သော မတ်ပဲသည် ယခုရက်သတ္တပတ်တွင် မြန်မာနိုင်ငံ ပြည်တွင်းဈေးကွက်၌ ဈေးမာနေသည်။ သို့သော် မတ်ပဲပြည်ပရောင်းချသည့် FOB ဈေးနှုန်းမှာမူ ကျဆင်းလာသည်။

လက်ရှိအချိန်အထိ မုတ်သုံမိုး လုံလောက်စွာမရသဖြင့် အိန္ဒိယတွင် မတ်ပဲစိုက်ပျိုးနိုင်မှု လျော့နည်းနေသည်ဆိုသည့် သတင်းများလည်း ပေါ်ထွက်နေသည်။ ထိုအခြေအနေ အပြောင်းအလဲက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အပေါ် မူတည်နေသည်ဟုလည်း သတင်းအချို့က ဆိုသည်။

ယခုရက်သတ္တပတ် အိန္ဒိယဈေးကွက်တွင် မြန်မာမတ်ပဲ CNF ဈေးနှုန်းမှာ ပဲတစ်တန်လျှင် ၁၀ ဒေါ်လာခန့် ဈေးမြင့်တက်သွားသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အိန္ဒိယဈေးကွက်၌ မြန်မာမတ်ပဲ FAQ တစ်တန်လျှင် ဒေါ်လာ ၈၄၅ မှ ယခုရက်သတ္တပတ်တွင်

ဒေါ်လာ ၈၅၅ သို့လည်းကောင်း၊ မတ်ပဲ SQ တစ်တန်လျှင် ဒေါ်လာ ၉၃၅ မှ ဒေါ်လာ ၉၄၅ သို့လည်းကောင်း ဈေးပြောင်းလဲသွားသည်။

သို့သော် မြန်မာနိုင်ငံဈေးကွက်တွင် မတ်ပဲပြည်ပရောင်းချသည့် FOB ဈေးနှုန်းမှာ အနည်းငယ် ဈေးပျော့နေသည်။ မတ်ပဲ FAQ တစ်တန်လျှင် ဒေါ်လာ ၈၀၅ /၈၁၅ မှ ဒေါ်လာ ၇၉၅/၈၀၅ သို့လည်းကောင်း၊ မတ်ပဲ SQ တစ်တန်လျှင် ဒေါ်လာ ၈၉၀ / ၉၀၀ မှ ဒေါ်လာ ၈၈၅/၈၉၅ သို့လည်းကောင်း ဈေးပြောင်းလဲသွားသည်။ ပြည်ပရောင်းချသည့် မတ်ပဲ FOB ဈေးပျော့သော်လည်း ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ၆၀,၀၀၀ ကျော် မြင့်တက်လာသည်။ မတ်ပဲ FAQ တစ်တန်လျှင် ကျပ် ၃,၂၁၁,၀၀၀ မှ ကျပ် ၃,၂၇၃,၀၀၀ သို့လည်းကောင်း၊ မတ်ပဲ SQ တစ်တန်လျှင် ကျပ် ၃,၅၃၁,၀၀၀ မှ ကျပ် ၃,၆၀၃,၀၀၀ သို့လည်းကောင်း ဈေးပြောင်းလဲသွားသည်။

**ပဲတီစိမ်းဈေးကျ**

ပြည်တွင်းဈေးကွက်တွင် ပဲတီစိမ်းဈေးနှုန်းက ဆက်လက်ကျဆင်းနေသည်။ တရုတ်ကုန်သည်များထံမှ ဝယ်လိုအားရှိသော်လည်း ပင်လယ်ရေကြောင်းမှတစ်ဆင့်သာ တင်ပို့နိုင်ခြင်း၊ အရည်အသွေးပိုင်းနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းက ပဲတီစိမ်းအချို့တွင် တွေ့ရှိလာရခြင်းတို့ကြောင့် ပြည်တွင်းဈေးကျဆင်းလာခြင်းဖြစ်ဟု သုံးသပ်ချက်များလည်းရှိနေသည်။ သို့သော် မြန်မာနိုင်ငံကဲ့သို့ တရုတ်ဈေးကွက်သို့ ပဲတီစိမ်းတင်ပို့နေသည့် အိန္ဒိယတွင် မိုးပဲစိုက်ပျိုးနိုင်မှု အနည်းငယ်လျော့နည်းသည်ဆိုသည့် သတင်းများလည်း ပေါ်ထွက်နေသည်။

လက်ရှိမြန်မာနိုင်ငံတွင် ပဲတီစိမ်းသည် ပြည်တွင်းဈေးသာမက ပြည်ပဈေးပါ ကျဆင်းနေသည်။ ယခုရက်သတ္တပတ် ပဲတီစိမ်း ပြည်ပရောင်းချသည့် FOB ဈေးနှုန်းမှာ ပဲတစ်တန်လျှင် ဒေါ်လာ ၃၀ ခန့် ဈေးကျသွားသည်။ ပဲတီစိမ်း (အညာ) FAQ တစ်တန်၏ FOB ဈေးနှုန်းမှာ ဒေါ်လာ ၇၈၀ /၇၉၀ မှ ဒေါ်လာ ၇၅၀ /၇၆၀ သို့လည်းကောင်း၊ ပဲတီစိမ်း (ရွှေဝါ) တစ်တန်လျှင် ဒေါ်လာ ၉၃၀ / ၉၄၀ မှ ဒေါ်လာ ၉၀၀/၉၁၀ သို့လည်းကောင်း ဈေးပြောင်းလဲသွားသည်။

ပဲတီစိမ်း ပြည်တွင်းဈေးနှုန်းမှာ ပဲတီစိမ်း (အညာ) တစ်ပိဿာလျှင် ကျပ် ၄၁၆၅/၄၁၈၅ မှ ကျပ် ၄၀၀၀/၄၀၂၀ သို့လည်းကောင်း၊ ပဲတီစိမ်း (ခရမ်းနှင့် ပဲခူး) ရွှေဝါတစ်ပိဿာလျှင် ကျပ် ၅၅၆၅ မှ ကျပ် ၅၅၀၀ သို့လည်းကောင်း၊ ပဲတီစိမ်း (ဝါးခယ်မ) FAQ တစ်ပိဿာလျှင် ကျပ် ၅၀၀၀/၅၀၂၀ မှ ကျပ် ၄၈၃၀/၄၈၅၀သို့လည်းကောင်း ဈေးပြောင်းလဲသွားသည်။

**ဈေးဆက်မာနေသည့် ပဲကြီး**

စိုက်ပျိုးထုတ်လုပ်နိုင်မှု အားနည်းသော ပြည်တွင်းအဓိကစားသုံးသည့် ပဲကြီးသည် ဈေးနှုန်းဆက်လက်မြင့်တက်နေသည်။ ပြည်တွင်းဈေးသာမက ပြည်ပရောင်းချသည့် FOB ဈေးနှုန်းလည်း ဆက်လက်မြင့်တက်နေသည်။

ရန်ကုန်ဈေးကွက်တွင် ပဲကြီး FOB ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၂၀ ခန့် ဈေးမြင့်တက်လာသည်။ ပဲကြီးတစ်တန်လျှင် ဒေါ်လာ ၁၅၈၅/၁၅၉၅ မှ ဒေါ်လာ ၁၆၀၅/၁၆၁၅ သို့ ဈေးပြောင်းလဲသွားသည်။ ပဲကြီးပြည်တွင်းဈေးနှုန်းလည်း ပဲကြီး (ကုန်း) 2026 Crop တစ်ပိဿာလျှင် ကျပ် ၁၁,၄၇၅/၁၁၆၅၅ မှ ကျပ် ၁၁၇၃၅ / ၁၁၉၁၅ သို့လည်းကောင်း၊ ပဲကြီး (ရွှေကျွန်း) တစ်ပိဿာလျှင် ကျပ် ၁၃၂၇၀/၁၃၆၃၀ မှ ကျပ် ၁၃၆၂၅/၁၃၈၁၀ သို့လည်းကောင်း ဈေးပြောင်းလဲသွားသည်။

ယခုရက်သတ္တပတ် မန္တလေးဈေးကွက်တွင် ပဲကြီးသည် သိသာစွာ ဈေးမြင့်တက်လာသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်က ပဲကြီး (ကြီး) တစ်တန်လျှင် ကျပ် ၇၂,၀၀,၀၀၀ ကျော် ဈေးဖွင့်ခဲ့သော်လည်း ယခုရက်သတ္တပတ် ဇူလိုင် ၁ ရက်တွင် ပဲတစ်တန်လျှင် ကျပ် ၇၇,၅၀,၀၀၀ ကျော်သို့ ဈေးပြောင်းလဲသွားသည်။ ထို့ပြင် ပဲကြီး (လတ်) တစ်တန်လျှင် ကျပ် ၆၈,၇၀,၀၀၀ ကျော်မှ ကျပ် ၇၆,၄၀,၀၀၀ ကျော်သို့လည်းကောင်း၊ ပဲကြီး (သေး) တစ်တန်လျှင် ကျပ် ၆၀,၀၀,၀၀၀ ကျော်မှ ကျပ် ၇၂,၀၀,၀၀၀ ကျော်သို့လည်းကောင်း ဈေးပြောင်းလဲသွားသည်။

**ပြောင်းဈေးအနည်းငယ်ကျ**

ထိုင်းအစိုးရ၏ အခွန်ကင်းလွတ်ခွင့်ဖြင့် ပြောင်းတင်သွင်းမှုကို သက်တမ်း ၂ လ တိုးမြှင့်ပေးလိုက်သည်ဆိုသည့် တရားဝင်

သတင်းများ ထွက်လာပြီးနောက် ပြည်တွင်းဈေးကွက်တွင် ပြောင်းဈေးနှုန်း အနည်းငယ် ပြန်လည်အေးလာသည်။ ယခုနှစ် ပြည်တွင်းပြောင်းဈေးနှုန်း အမြင့်ဆုံးစံချိန်အထိ မြင့်တက်ပြီးနောက် ဇွန်လအတွင်းမှစတင်၍ အနည်းငယ် ပြန်အေးနေခြင်း ဖြစ်သည်။

ယခုရက်သတ္တပတ်တွင် ပြည်တွင်းဈေးကွက်၌ ပြောင်းဈေးနှုန်းသည် ပြည်ပရောင်းချသည့် FOB ဈေးပါ ကျဆင်းလာသည်။ ပြည်ပရောင်းချသည့် ပြောင်းတစ်တန်၏ FOB ဈေးနှုန်းမှာ ဒေါ်လာ ၂၈၅/၂၉၅ မှ ဒေါ်လာ ၂၈၀/၂၉၀ သို့ ဈေးပြောင်းလဲသွားသည်။ ရန်ကုန်ဈေးကွက်တွင် ပြည်တွင်းပြောင်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၇၈၀/၁၈၀၀ မှ ကျပ် ၁၇၅၀/၁၇၇၀ သို့ ဈေးပြောင်းလဲသွားသည်။

မန္တလေးဈေးကွက်တွင် ပြောင်းဈေးနှုန်းမှာ ဇူလိုင် ၁ ရက်၌ ရှမ်းပြောင်းတစ်တန်လျှင် ကျပ် ၉,၆၀,၀၀၀ ကျော်၊ စီပီ (CP) ပြောင်းသစ်တစ်တန်လျှင် ကျပ် ၉,၇၅,၀၀၀ ကျော်နှင့် အထွက်တိုးပြောင်းနီတစ်တန်လျှင် ကျပ် ၁၅,၅၀,၀၀၀ ကျော် ဈေးဖွင့်ထားသည်။

**Source: https://greenwaymyanmar.com/**

## ဈေးတက်နေသည့် ကြက်သွန်နီ

စားဖိုဆောင်သီးနှံ အမျိုးအစားဖြစ်သည့် ကြက်သွန်နီသည် ပြည်တွင်းလက်ကျန် နည်းပါးလာသဖြင့် ဈေးနှုန်းဆက်တိုက် မြင့်တက်လာသည်။ ရန်ကုန်ဈေးကွက်သို့ နေ့စဉ်လိုအပ်သည့် ကြက်သွန်ပမာဏထက် လျော့နည်းတင်ပို့မှုများက ကြက်သွန်နီဈေး မြင့်တက်ရေးကို အထောက်အပံ့ ဖြစ်လာစေသည်။

ယခုရက်သတ္တပတ်တွင် ရန်ကုန်ဈေးကွက်၌ ကြက်သွန်နီ FOB ဈေးနှုန်းမှာ အမျိုးအစားအလိုက် အနည်းဆုံး ကြက်သွန်နီ (2026 Crop) တစ်တန်လျှင် ဒေါ်လာ ၅၂၀ မှ ဒေါ်လာ ၇၃၅ အထိ ဈေးဖွင့်ထားသည်။ ပြည်တွင်းကြက်သွန်နီ ဈေးနှုန်းမှာလည်း ဆိပ်ဖြူ (ရှယ်) တစ်ပိဿာလျှင် ကျပ် ၃၉၀၀ မှ ကျပ် ၄၃၀၀ သို့ လည်းကောင်း၊ မုံရွာ (ရှယ်) တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ကျပ် ၄၄၀၀ သို့လည်းကောင်း ဈေးပြောင်းလဲသွားသည်။

**Source: https://greenwaymyanmar.com**

**(အစိမ်းရောင်လမ်းမှ ကူးယူဖော်ပြပါသည်)**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၂၉-၆-၂၀၂၆ မှ ၃-၇-၂၀၂၆) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြား ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃၂,၁၁,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၃၅,၃၁,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃၀,၉၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၆၄,၀၀၀ ၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၇၄,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃၅,၀၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2026 Crop) ကွန်တိန်နာ ၉၅လုံး (တန်ချိန် ၂၂၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၃၅ လုံး (တန်ချိန် ၈၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၁၄၅ လုံး (တန်ချိန် ၃၄၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC(2026 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၂၀ လုံး (တန်ချိန် ၄၈၀)

လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၇,၅၀၀၊ မြားနီ(သစ်) ကျပ် ၂၀,၀၀၀၊ ဆင်ဖြူကျွန်း ကျပ် ၃၅,၀၀၀ ၊ဟသ်ာတ မိုးထောင် ကျပ် ၁၆,၀၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၃၃,၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆင်ဖြူကျွန်း ကျပ် ၁၀၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၁၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ငရုတ်သီးများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည် ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ် ၂၁၀၀ (၄၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ငရုတ်ရှည်အိတ်ပေါင်း ၂၁၀၀ (၄၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ပုအိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၄၈၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၇၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၃၉၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၈၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၄၁၀၀၊ ရေစကြို ကျပ် ၆၀၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၉၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ထန်းလျက် ၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၉-၆-၂၀၂၆ မှ ၃-၇-၂၀၂၆) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၃၉၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၈၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၇၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၈၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၄၀၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၃၈၅၀ ၊ မုံရွာလတ်သန့် ကျပ် ၃၇၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၈၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၅၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၅၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၄၀၀၊ မုံရွာသစ်ရှယ် ကျပ် ၄၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၄၅၀ ၊ မုံရွာလတ်သန့် ကျပ် ၅၀၀ နှင့် မုံရွာလတ်ချော ကျပ် ၄၅၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၃၁ စီး (၇၈၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၄ စီး (၅၆၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၇ စီး (၂၂၂,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁,၈၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၇၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်

အတွင်း ကြူကုတ်(ရှယ်) ကျပ် ၃၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၇၃၃ (၈၁,၉၉၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၂၁၈၀ (၆၅,၄၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၅၅၃ ( ၁၆,၅၉၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၂၆၀၀၊ အောင်ပန်း OK ကျပ် ၃၃၀၀၊ အောင်ပန်း S1 ကျပ် ၃၃၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း A1 ကျပ် ၄၀၀၊ အောင်ပန်း OK ကျပ် ၂၀၀၊ အောင်ပန်း S1 ကျပ် ၂၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၀၀ အသီးသီးဈေး မြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၅၁ စီး (၃၀၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၆၃ စီး (၃၇၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၁၂ စီး (၇၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရိုးရာပစ္စည်းများကြား ဗျာများရသည့် ဗီယန်ကျင်းမြို့၏ "သလပ်စောင်ဝ်" ဈေး

လာအိုနိုင်ငံ ဗီယန်ကျင်းမြို့လယ်ခေါင်သို့ ရောက်ရှိပါက မဖြစ်မနေ ဈေးဝယ်သွားသင့်သည်မှာ လာအိုတို့၏ ရိုးရာဈေးကြီးဖြစ်သော "သလပ်စောင်ဝ်" ဈေးကြီးပင် ဖြစ်သည်။ ဤဈေးကြီးသည် အဆင့်မြင့်မားလှသည့် ခေတ်မီကုန်တိုက်ကြီးတွင် ရှေးဟောင်းရိုးရာဈေးတန်းတို့ ဒွန်တွဲတည်ရှိနေပြီး၊ အထူးသဖြင့် လာအိုတို့၏ လက်မှုအနုပညာနှင့်ယဉ်ကျေးမှု အရောင်အသွေးများကို တစ်နေရာတည်းတွင် အစုံလင်ဆုံး မြင်တွေ့နိုင်သည့် နေရာတစ်ခုဖြစ်သည်။

ဈေးအတွင်းသို့ ခြေလှမ်းလိုက်သည်နှင့် အလှပဆုံးဆွဲဆောင်နေသည်မှာ ရောင်စုံလင်းလက်နေသည့် လာအိုရိုးရာလက်ရက်ကန်းထည် (လုံချည်/စကတ်) များ ခင်းကျင်းပြသထားသည့် မြင်ကွင်းပင်ဖြစ်သည်။ ဒေသခံအမျိုးသမီးများသာမက ကမ္ဘာလှည့်ခရီးသွားများပါ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနေကြသဖြင့် အလွန်စည်ကားလှသည်။ ဈေးကတော့ သုံးပုံတယောက်လျော့ရအောင် ဆစ်သင့်သည်။

အထည်အလိပ်ဆိုင်တန်းများကို လွန်မြောက်လျှင် လာအိုတို့၏ ထူးခြားလှသော လက်မှုဒီဇိုင်းများဖြစ်သည့် ငွေထည်ပစ္စည်းများ၊ ကြေးထည်များနှင့် ရှေးဟောင်းအနုပညာလက်ရာ စုဆောင်းမှုဆိုင်များကို တွေ့မြင်ရမည်ဖြစ်သည်။

လက်ရာမြောက်လှသော ရိုးရာငွေဆွဲကြိုးများ၊ လက်ကောက်များ၊ ဗုဒ္ဓဆင်းတုတော်ငယ်များနှင့် သစ်သားပန်းပုရုပ်တုကလေးများသည် လာအိုလူမျိုးတို့၏ သိမ်မွေ့လှသော အနုပညာအဆင့်အတန်းကို ဖော်ပြနေကြသည်။ရွှေထည် ရောင်းသောအထပ်လည်းရှိသည်။ မြန်မာ့ရွှေထက် ပို၍ ဆန္ဒင်းရောင်ဆန်သည့်ဖက်ကိုတွေ့ရသည်။ အပေါ်ဆုံးထပ်တွင် ချုပ်ပြီးသားအင်္ကျီများမှာ ဈေးတော်လှသည်။ ဘန်ကောက် ပလက်တီနာမ်စင်တာ မျက်နှာချင်းဆိုင်ရှိ ဆိုက်ဒ်ကြီးများရသည့် လက်ကားဈေးစင်တာနှင့် ဈေးမကွာပေ။ ဒီဇိုင်းများက လာအိုသူတို့ဝတ်လေ့ရှိသည့် ရင်စေ့လက်စကများ ပိုများသည်။

ထို့ပြင် ဝါး၊ ကြိမ်နှင့် ရိုးရာသဘာဝပစ္စည်းများဖြင့် ရက်လုပ်ထားသည့် လာအိုတို့၏ အမှတ်အသားဖြစ်သော ကောက်ညှင်းထမင်းထည့်သည့် ဝါးခြင်းတောင်းကလေးများ၊ ပိုက်ဆံအိတ်များမှာ ရှုချင်စဖွယ်ကဗျာဆန်လှသည်။ ဈေးသည်များနှင့် ဝယ်ယူသူများအကြား ပြုံးရွှင်စွာဖြင့် လာအိုဘာသာစကားဖြင့် ဈေးနှုန်းအပြန်အလှန် ဆွေးနွေးနေကြသည့် အသံများ၊ ဒေသခံတို့၏ ရိုးသားပျူငှာသော မျက်နှာရိပ်မျက်နှာကဲများသည် ဤဈေးကြီးကို ပိုမိုသက်ဝင်လှုပ်ရှားစေသည့် အသက်သွေးကြောများပင် ဖြစ်သည်။ ထိုင်းဘတ်နှင့်လည်းဝယ်၍ရသည်။ ဈေးမြေညီထပ်တွင် ငွေလဲပေးသည့် ဘဏ်ရှိသဖြင့် ဒေါ်လာမှ လာအိုငွေကစ်ပ်သို့ လဲလှယ်နိုင်သည်။

**Source:** https://www.popularmyanmar.com/

## မြန်မာနိုင်ငံမှ ဝဥခြောက်များ တင်ပို့လိုသူများ ဆက်သွယ်နိုင်ပါကြောင်း အကြောင်းကြားလာ

ဂျပန်နိုင်ငံအခြေစိုက် Seikodo ကုမ္ပဏီသည် မြန်မာနိုင်ငံမှ အရည်အသွေးမြင့် ဝဥခြောက်များ ဝယ်ယူတင်သွင်းလိုပါကြောင်း၊ မြန်မာနိုင်ငံမှ ထုတ်လုပ်ထွက်ရှိသည့် ဝဥခြောက်ကို တရုတ်နိုင်ငံသို့ တင်သွင်းနိုင်ရေးအတွက် ကြားခံအနေဖြင့် ဆောင်ရွက်လိုပါကြောင်း အကြောင်းကြားလာပါသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ဝယ်ယူလိုသည့် ဝဥခြောက်များ၏ အသေးစိတ် Specification မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- Bulb yellow, Dried Chips, Moisture content less than 12%, viscosity greater than 18000, powder yield > 57

အဆိုပါကုမ္ပဏီသည် မြန်မာနိုင်ငံ၏ဝဥကဏ္ဍနှင့်စပ်လျဉ်း၍ ရေရှည်ပူးပေါင်းမှုများဆောင်ရွက်လိုပါကြောင်း၊ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်ရမည့် contact person ၏ အချက်အလက်များမှာ SAHA DILIP KUMAR, email: taiheitaiyo@gmail.com, mobile: +81 80 3355 2021(Wechat/ WhatsApp)ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ ထုတ်လုပ်ထွက်ရှိသည့် ဝဥခြောက်များတိုးမြှင့်တင်ပို့နိုင်ရေးနှင့်စပ်လျဉ်း၍ ဖော်ပြပါကုမ္ပဏီသို့ တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ပါသည်။

**Source: ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

## ဂျပန်နိုင်ငံသည် စီးပွားရေးအတွက်အရေးပါသည့်ကဏ္ဍ ၁၇ ခုတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံ ရင်းနှီးမြှုပ်နှံသွားမည့် စီမံကိန်းရေးဆွဲလျက်ရှိ

ဂျပန်နိုင်ငံသည် စီးပွားရေးအတွက်အရေးပါသည့်ကဏ္ဍ ၁၇ ခုတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံ ရင်းနှီးမြှုပ်နှံသွားမည့် စီမံကိန်းရေးဆွဲလျက်ရှိကြောင်း The Nikkei Asia သတင်းဌာန၏ အွန်လိုင်းသတင်းတွင် "Japan maps $2.3tn investment plan across 17 strategic sectors" ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါသတင်းတွင် ဂျပန်ဝန်ကြီးချုပ်ဆာနာအဲတာကာအီချီသည် နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်နှင့် အမျိုးသားလုံခြုံရေးကာကွယ်ရန်ချမှတ်ခဲ့သည့်နှစ်ရှည်မဟာဗျူဟာတွင် ဉာဏ်ရည်တုနည်းပညာ၊ Quantum technology၊ စွမ်းအင်၊ ဆေးဝါးနှင့် ဖျော်ဖြေရေးကဏ္ဍတို့အပါအဝင် အရေးပါသည့်ကဏ္ဍ ၁၇ ခုပါဝင်ကြောင်း၊ အဆိုပါကဏ္ဍများမှ ထုတ်လုပ်သည့်ကုန်စည်နှင့် နည်းပညာ(၆၂)မျိုးတွင် ရင်းနှီးမြှုပ်နှံသွားမည့် မဟာဗျူဟာစီမံကိန်းအား ဂျပန်နိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကောင်စီနှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးမူဝါဒကောင်စီတို့၏ ပူးတွဲအစည်းအဝေးတွင် တင်ပြခဲ့ကြောင်း၊ အဆိုပါ စီမံကိန်းအရ ၂၀၄၀ ပြည့်နှစ်သို့အရောက်တွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံသည့်ပမာဏ စုစုပေါင်းယန်း ၃၇၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ထရီလီယံ) အထိရောက်ရှိရန် မျှော်မှန်းထားကြောင်း၊ ဂျပန်နိုင်ငံအစိုးရသည် ပုဂ္ဂလိက ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံရာတွင် စံနှုန်းတစ်ခုအထိသတ်မှတ်၍ ပံ့ပိုးသွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အဆိုပါစီမံကိန်းအရ ဂျပန်နိုင်ငံအစိုးရသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏအနက် ယန်း ၆၈ ထရီလီယံကို တစ်ပိုင်းလျှပ်ကူးပစ္စည်းများကဏ္ဍ၊ ယန်း ၃၀ ထရီလီယံခန့်ကို ဖန်တီးမှုကဏ္ဍ၊ ယန်း ၁၀ ဒသမ ၅ ထရီလီယံခန့်ကို စက်ရုပ်များနှင့် အခြားစက်ပစ္စည်းများ အလိုအလျောက်လည်ပတ်နိုင်စေမည့် နည်းပညာဖြစ်သော Physical AI ကဏ္ဍ၊ ယန်း ၈ ဒသမ ၂ ထရီလီယံကို အလိုအလျောက်မောင်းနှင်သည့် နည်းပညာကဏ္ဍ၊ ယန်း ၁ ဒသမ ၃ ထရီလီယံမှ ၃ ဒသမ ၃ ထရီလီယံအကြားကို Anime ၊ Manga- ဂျပန်ရုပ်ပြ၊ ဂီတနှင့်ရုပ်ရှင်ကဏ္ဍ၊ ယန်း ၂၀ ဒသမ ၈ ထရီလီယံကို ဇီဝဆေးဝါးထုတ်လုပ်ရေးနှင့်ပြန်လည်ပြုပြင်ထုတ်လုပ်ထားသည့် ဆေးဝါးများနှင့် ယန်း ၃ ထရီလီယံခန့်ကို နျူကလီးယားစွမ်းအင်ပေါင်းစပ်ထုတ်လုပ်သည့် နည်းပညာများတွင် အသီးသီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ၂၀၃၃ ဘဏ္ဍာရေးနှစ်တွင် ယန်း ၂၄ ဒသမ ၅ ထရီလီယံခန့်ကို ဂိမ်းကဏ္ဍ၊ ၂၀၃၅ ဘဏ္ဍာရေးနှစ်တွင် ယန်း ၃၂ ဒသမ ၇ ထရီလီယံကို ဒေတာစင်တာများနှင့် စွမ်းအင်သိုလှောင်သည့် ဘက်ထရီကဏ္ဍများတွင်

အသီးသီးရင်းနှီးမြှုပ်နှံသွားရန် မျှော်မှန်းထားကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံသည် စီးပွားရေးဆိုးဝါးစွာကျဆင်းမှုနှင့် ရင်ဆိုင်နေရသည့်အတွက် ဂျပန်နိုင်ငံဝန်ကြီးချုပ်က ဘဏ္ဍာရေးကဏ္ဍအား တာဝန်ယူမှုရှိပြီး ထိရောက်အောင်ဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့သော်လည်း စိုးရိမ်ပူပန်မှုများမြင့်တက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ အဆိုပါစီမံကိန်းမူကြမ်းတွင် အစိုးရက မည်မျှအထိသုံးစွဲမည်ဆိုသည့် အသေးစိတ်အချက်အလက်များ မပါဝင်သေးကြောင်း၊ အစိုးရသည် ပညာရှင်များ၊ သုတေသနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့်စက်မှုလုပ်ငန်းအဖွဲ့အစည်းများနှင့်တိုင်ပင်ဆွေးနွေး၍ ကဏ္ဍတစ်ခုချင်းစီ ရင်းနှီးမြှုပ်နှံနိုင်မည့်ပမာဏများအား လက်ရှိနှင့်အနာဂတ်ဈေးကွက်အရွယ်အစား၊ ယှဉ်ပြိုင်နိုင်စွမ်းတို့အပေါ်အခြေခံ၍ ခန့်မှန်းတွက်ချက်ခဲ့ကြောင်း၊ ယခုဖော်ဆောင်မည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းသည် နိုင်ငံ့စီးပွားရေးအပေါ် မည်မျှအကျိုးသက်ရောက်မည်ကို အစိုးရက ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း ဉာဏ်ရည်တုကဏ္ဍရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှု ယန်း ၄၄၃ ထရီလီယံ၊ ဒေတာစင်တာများရင်းနှီး မြှုပ်နှံမှုမှတစ်ဆင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုယန်း ၁၀၇ ထရီလီယံဖန်တီးပေးနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ အစိုးရ-ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနှင့်တိုးတက်ရေးမဟာဗျူဟာအရ ၂၀၄၀ ဘဏ္ဍာရေးနှစ်တွင် ဂျပန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းကို ထည့်သွင်းတွက်ချက်ထားသည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးသည် ၂ ရာခိုင်နှုန်းနီးပါးတိုးတက်လာရန် မျှော်မှန်းထားကြောင်း၊ ဝင်ငွေတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးနှင့် အကြွေးအချိုး(Debt-to-GDP ratio)သည်လည်း တဖြည်းဖြည်းကျဆင်းလာမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source:** https://asia.nikkei.com/economy/japan-maps-2.3tn-investment-plan-across-17-strategic-sectors

**(ရွှေစင်ဦး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

## STOCK EXCHANGE (6.7.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Jul. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,423 (Shares) | 61,889,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 17,500 | -500 | -2.78% | 18,000 | 18,000 | 17,500 | 1,612 | 28,212,500 | 33,109,694 | 579,420 |
| MTSH | 00002 | 8,600 | -200 | -2.27% | 8,900 | 8,900 | 8,600 | 2,886 | 24,847,700 | 38,929,150 | 334,791 |
| MCB | 00003 | 14,000 | +500 | +3.70% | 14,000 | 14,000 | 14,000 | 5 | 70,000 | 10,400,986 | 145,614 |
| FPB | 00004 | 7,100 | -100 | -1.39% | 7,100 | 7,100 | 7,100 | 325 | 2,307,500 | 31,144,738 | 221,128 |
| TMH | 00005 | 3,950 | +150 | +3.95% | 3,800 | 3,950 | 3,800 | 15 | 57,750 | 12,823,224 | 50,652 |
| EFR | 00006 | 2,050 | +50 | +2.50% | 2,050 | 2,050 | 2,000 | 2,293 | 4,625,650 | 19,977,223 | 40,953 |
| AMATA | 00007 | 4,000 | +50 | +1.27% | 4,100 | 4,100 | 4,000 | 37 | 150,000 | 10,497,598 | 41,990 |
| MAEX | 00008 | 6,400 | -100 | -1.54% | 6,600 | 6,600 | 6,400 | 250 | 1,618,100 | 23,804,946 | 152,352 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 6th Jul. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 826.04 | -11.17 | -1.33% | 844.62 | 844.62 | 825.76 | 7,423 | 61,889,200 | 8 | 1,566,900 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 6th Jul. 2026

| Trading Volume | Trading Value |
|---|---|
| 7,577 (Shares) | 69,465,200 (MMK) |

## Main Board

As of 1:00 pm, 6th Jul. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,423 (Shares) | 61,889,200 (MMK) |

| MYANPIX | 826.04 ▼ 11.17 |
|---|---|
| Total Volume (shares) | 7,423 |
| Total Value (MMK) | 62 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,566,900 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 17,500 | ▼ 500 |
| MTSH | 00002 | 8,600 | ▼ 200 |
| MCB | 00003 | 14,000 | ▲ 500 |
| FPB | 00004 | 7,100 | ▼ 100 |
| TMH | 00005 | 3,950 | ▲ 150 |
| EFR | 00006 | 2,050 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 50 |
| MAEX | 00008 | 6,400 | ▼ 100 |